# ဓမ္မခန္ဓာ (၈၂) ပေါက်ကွဲလွင့်စင်ခြင်း (အလ်–အန်ဖီတွာရ်)

ဉာဏ်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၈၂)၊ သုတ်ဒေသနာ (၁၉)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

## بِسْمِ اللهِ الرَّحْمَنِ الرَّحِيمِ

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။<br>☆၇၃း၁၈ | إِذَا السَّمَاء انفَطَرَتْ<br>မိုးကောင်းကင်သည် အစိတ်စိတ်ကွဲအက်သော အခါ–☆ |
| ၂။<br>☆၇၃း၁၈ | وَإِذَا الْكَوَاكِبُ انتَثَرَتْ<br>ကြယ်ကြီးများ လွင့်စင်သွားရသော အခါ–☆ |
| ၃။<br>☆၈၁း၆ | وَإِذَا الْبِحَارُ فُجِّرَتْ<br>သမုဒ္ဒရာများ ဖူးရောင်ထွက်ရသော အခါ–☆ |
| ၄။<br>☆၈၀း၂၁ | وَإِذَا الْقُبُورُ بُعْثِرَتْ<br>နားနေဂူများ ဖွင့်ထုတ်ခံရသော အခါ–☆ |
| ၅။ | عَلِمَتْ نَفْسٌ مَّا قَدَّمَتْ وَأَخَّرَتْ<br>ဉာဉ်စရိုက်သည် အတိတ်နှင့် အနာဂါတ်ကို သိရလတ္တံ့။ |
| ၆။ | يَا أَيُّهَا الْإِنسَانُ مَا غَرَّكَ بِرَبِّكَ الْكَرِيمِ<br>အို လူသား၊ ကျက်သရေမင်္ဂလာပြည့်စုံသော ကံကြမ္မာရှင်ထံမှ သင့်အား ဘယ်အရာက လှည့်စားဆွဲထုတ်သနည်း။ |
| ၇။ | الَّذِي خَلَقَكَ فَسَوَّاكَ فَعَدَلَكَ<br>အရှင်သည် သင့်အား ဖြစ်တည်စေ၏။ ပေါ်လွင်စေ၏၊ သင့်အား အဆင့်ကောင်းဖြင့်– |
| ၈။ | فِي أَيِّ صُورَةٍ مَّا شَاء رَكَّبَكَ<br>အရှင့် စံချိန်ပြည့်မှီစေခြင်း ပုံစံမှ ဖြစ်၏။ အသင့်အား ပုံသွင်းပေး၏။ |
| ၉။ | كَلَّا بَلْ تُكَذِّبُونَ بِالدِّينِ<br>အမှန်မှာ–သင်သည် သာသနာတော်အား ငြင်းဆန်၏။ |
| ၁၀။ | وَإِنَّ عَلَيْكُمْ لَحَافِظِينَ<br>ကေန်ပင် သင်တို့၏ အပေါ်၌ ရှိသော အထိမ်းအကွပ်များမှာ–[၁၁၃၇] |

(၁၁၃၇) လူသားတိုင်းသည် ဥပဒေ၏ အောက်၌ ရှိနေသည်၊ သို့ဖြစ်၍ ဤသုတ်တော်မှ ဆိုလိုချက်မှာ လူသားတိုင်း အပေါ်၌ ဥပဒေ ရေးဆွဲသူများ ရှိနေသည်ဟု ဆိုလိုပေသည်။ သို့သော် ထိုဥပဒေ ရေးဆွဲသူများသည် သိက္ခာသမာဓိရှိ၍– မိမိကိုယ်တိုင် ဥပဒေကို လိုက်နာသူများ ဖြစ်ရမည်ဟု သုတ်တော် ၁၁ က ဆိုထားပေသည်။

| | |
|---|---|
| ၁၁။ | كِرَامًا كَاتِبِينَ۞<br>ကျက်သရေဆောင် မှတ်တမ်းရေးသူများ ဖြစ်၍- |
| ၁၂။ | يَعْلَمُونَ مَا تَفْعَلُونَ۞<br>သင်တို့ ကျင့်ကြံသမျှအား သိနေကြကုန်၏။ |
| ၁၃။ | إِنَّ الْأَبْرَارَ لَفِي نَعِيمٍ۞<br>ကေန်ပင် သူတော်စင်တို့သည် ဂုဏ်ရှိခြင်း၌ ရှိ၏။ |
| ၁၄။ | وَإِنَّ الْفُجَّارَ لَفِي جَحِيمٍ۞<br>ကေန်ပင် အယုတ်တမာတို့သည် ငရဲဘုံတွင်း၌ ရှိ၍- |
| ၁၅။<br>ရဲ | يَصْلَوْنَهَا يَوْمَ الدِّينِ۞<br>စီရင်ချက်နေ့ကာလ၌ **ထို**နှင့် တစ်သားတည်း ဖြစ်ရလတ္တံ့။ |
| ၁၆။ | وَمَا هُمْ عَنْهَا بِغَائِبِينَ۞<br>သူတို့သည် ထိုမှ ပျက်ကွက်ခွင့် မရှိချေ။ |
| ၁၇။ | وَمَا أَدْرَاكَ مَا يَوْمُ الدِّينِ۞<br>စီရင်ချက်နေ့ကာလဟူသည်- သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၁၈။ | ثُمَّ مَا أَدْرَاكَ مَا يَوْمُ الدِّينِ۞<br>တဖန် စီရက်ချက် နေ့ကာလဟူသည်- သင့်အား မည်သည်က တွေးသိစေအံ့နည်း။ |
| ၁၉။ | يَوْمَ لَا تَمْلِكُ نَفْسٌ لِّنَفْسٍ شَيْئًا وَالْأَمْرُ يَوْمَئِذٍ لِّلَّهِ۞<br>ဉာဉ်စရိုက်တစ်ခုက ဉာဉ်စရိုက်တစ်ခုအား စိုးစဉ်းမျှ အခွင့်အာဏာ မရှိသော နေ့ကာလ ဖြစ်၏။ ထိုနေ့ကာလ၌ အရေးအရာတို့သည် ပရမတ်ဘုရားရှင်၏ အချုပ်အခြာ၌သာ ရှိ၏။ |